# ပြည်ထောင်စုလွှတ်တော်ရုံး
# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်း ကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ၂၅ နေရာအတွက် အောက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံး ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ အင်္ဂလိပ်စာ/ ကွန်ပျူတာ/ IT ပိုင်းဆိုင်ရာကျွမ်းကျင်သူများကို ဦးစားပေးမည်၊

(ဂ) ၃၀-၉-၂၀၁၇ ရက်တွင် (၂၅)နှစ်ထက် မကျော်စေရ၊

(ဃ) မဟာဘွဲ့ရရှိသူများအတွက် ၃၀-၉-၂၀၁၇ ရက်နေ့တွင် (၃၀)နှစ်နှင့် မဟာဘွဲ့အထက် ရရှိသူများအတွက် ၃၀-၉-၂၀၁၇ ရက်နေ့တွင် (၃၅)နှစ်ထက် မကျော်စေရ။ ခန့်ထားခြင်းခံရပါက တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ရေးအတွက် ခွင့်ချက်ဖြင့် စဉ်းစားပေးမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(စ) ကွန်ပျူတာ အခြေခံတတ်ကျွမ်းရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ဖော်ပြ၍ ကိုယ်တိုင်လက်မှတ်ရေးထိုး လျှောက်ထားရမည် -

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) မွေးနေ့သက္ကရာဇ်(အသက်)၊

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊

(င) အိမ်ထောင်ရှိ/မရှိ၊ အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်း၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်၊

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊

(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊

(ဇ) အမြဲတမ်းနေရပ်လိပ်စာ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်း ရိုက်ထားသော ပတ်စပို့ဓါတ်ပုံနှစ်ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊

(ခ) ဘွဲ့လက်မှတ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၏ထောက်ခံချက်မိတ္တူ၊

(ဂ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(ဃ) (၆) လအတွင်းပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(င) တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံချက် မူရင်း၊

(စ) အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်၊

(ဆ) တစ်လအတွင်း ပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက်။

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀) နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍ သော်လည်းကောင်း ၁၅-၉-၂၀၁၇ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၅။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသောလျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ပြည်ထောင်စုလွှတ်တော် Website တွင် ၁၉-၉-၂၀၁၇ ရက် (အင်္ဂါနေ့)မှစ၍ ကြေညာမည်။

၇။ စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၂၂-၉-၂၀၁၇ ရက်(သောကြာနေ့)မှစ၍ ရုံးအမှတ် (၂၀) နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ၂၃-၉-၂၀၁၇ ရက် (စနေနေ့) နံနက် ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၉။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများအား လူတွေ့နှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းကို ၂၇-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၉၀၀ နာရီတွင် ဆောင်ရွက်မည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် ၃ ပါ စာရွက်စာတမ်း မူရင်းများတင်ပြရမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ၀၆၇-၅၉၁၁၈၉ နှင့် ၀၆၇-၅၉၁၂၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြည်ထောင်စုလွှတ်တော် website; www. myanmarparliament.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။